# ဓမ္မခန္ဓာ (၈၂) ပေါက်ကွဲလွင့်စင်ခြင်း (အလ်–အန်ဖီတွာရ်)

ဥဘဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၂)၊ သုတ်ဒေသနာ (၁၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>☆၇၃း၁၈ | **إِذَا السَّمَاء انفَطَرَتْ**۞<br>မိုးကောင်းကင်သည် အစိတ်စိတ်ကွဲအက်သော အခါ–[☆] |
| ၂။<br>☆၇၃း၁၈ | **وَإِذَا الْكَوَاكِبُ انتَثَرَتْ**۞<br>ကြယ်ကြီးများ လွင့်စင်သွားရသော အခါ–[☆] |
| ၃။<br>☆၈၁း၆ | **وَإِذَا الْبِحَارُ فُجِّرَتْ**۞<br>သမုဒ္ဒရာများ ဖူးရောင်ထွက်ရသော အခါ–[☆] |
| ၄။<br>☆၈၀း၂၁ | **وَإِذَا الْقُبُورُ بُعْثِرَتْ**۞<br>နားနေဂူများ ဖွင့်ထုတ်ခံရသော အခါ–[☆] |
| ၅။ | **عَلِمَتْ نَفْسٌ مَّا قَدَّمَتْ وَأَخَّرَتْ**۞<br>ဉာဉ်စရိုက်သည် အတိတ်နှင့် အနာဂါတ်ကို သိရလတ္တံ့။ |
| ၆။ | **يَا أَيُّهَا الْإِنسَانُ مَا غَرَّكَ بِرَبِّكَ الْكَرِيمِ**۞<br>အို လူသား၊ ကျက်သရေမင်္ဂလာပြည့်စုံသော ကံကြမ္မာရှင်ထံမှ သင့်အား ဘယ်အရာက လှည့်စားဆွဲထုတ်သနည်း။ |
| ၇။ | **الَّذِي خَلَقَكَ فَسَوَّاكَ فَعَدَلَكَ**۞<br>အရှင်သည် သင့်အား ဖြစ်တည်စေ၏။ ပေါ်လွင်စေ၏၊ သင့်အား အဆင့်ကောင်းဖြင့်– |
| ၈။ | **فِي أَيِّ صُورَةٍ مَّا شَاء رَكَّبَكَ**۞<br>အရှင့် စံချိန်ပြည့်မှီစေခြင်း ပုံစံမှ ဖြစ်၏။ အသင့်အား ပုံသွင်းပေး၏။ |
| ၉။ | **كَلَّا بَلْ تُكَذِّبُونَ بِالدِّينِ**۞<br>အမှန်မှာ–သင်သည် သာသနာတော်အား ငြင်းဆန်၏။ |
| ၁၀။ | **وَإِنَّ عَلَيْكُمْ لَحَافِظِينَ**۞<br>ကေန်ပင် သင်တို့၏ အပေါ်၌ ရှိသော အထိမ်းအကွပ်များမှာ–[၁၁၃၇] |

---

(၁၁၃၇) လူသားတိုင်းသည် ဥပဒေ၏ အောက်၌ ရှိနေသည်၊ သို့ဖြစ်၍ ဤသုတ်တော်မှ ဆိုလိုချက်မှာ လူသားတိုင်း အပေါ်၌ ဥပဒေ ရေးဆွဲသူများ ရှိနေသည်ဟု ဆိုလိုပေသည်။ သို့သော် ထိုဥပဒေ ရေးဆွဲသူများသည် သိက္ခာသမာဓိရှိ၍– မိမိကိုယ်တိုင် ဥပဒေကို လိုက်နာသူများ ဖြစ်ရမည်ဟု သုတ်တော် ၁၁ က ဆိုထားပေသည်။

| | |
|---|---|
| ၁၁။ | كِرَامًا كَاتِبِينَ ۞<br>ကျက်သရေဆောင် မှတ်တမ်းရေးသူများ ဖြစ်၍– |
| ၁၂။ | يَعْلَمُونَ مَا تَفْعَلُونَ ۞<br>သင်တို့ ကျင့်ကြံသမျှအား သိနေကြကုန်၏။ |
| ၁၃။ | إِنَّ الْأَبْرَارَ لَفِي نَعِيمٍ ۞<br>ကေန်ပင် သူတော်စင်တို့သည် ဂုဏ်ရှိခြင်း၌ ရှိ၏။ |
| ၁၄။ | وَإِنَّ الْفُجَّارَ لَفِي جَحِيمٍ ۞<br>ကေန်ပင် အယုတ်တမာတို့သည် ငရဲဘုံတွင်း၌ ရှိ၍– |
| ၁၅။ | يَصْلَوْنَهَا يَوْمَ الدِّينِ ۞<br>စီရင်ချက်နေ့ကာလ၌ ထိုနှင့် တစ်သားတည်း ဖြစ်ရလတ္တံ့။ |
| ၁၆။ | وَمَا هُمْ عَنْهَا بِغَائِبِينَ ۞<br>သူတို့သည် ထိုမှ ပျက်ကွက်ခွင့် မရှိချေ။ |
| ၁၇။ | وَمَا أَدْرَاكَ مَا يَوْمُ الدِّينِ ۞<br>စီရင်ချက်နေ့ကာလဟူသည်– သင့်အား မည်သည်က တွေးသိစေအံ့နည်း။ |
| ၁၈။ | ثُمَّ مَا أَدْرَاكَ مَا يَوْمُ الدِّينِ ۞<br>တဖန် စီရက်ချက် နေ့ကာလဟူသည်– သင့်အား မည်သည်က တွေးသိစေအံ့နည်း။ |
| ၁၉။ | يَوْمَ لَا تَمْلِكُ نَفْسٌ لِّنَفْسٍ شَيْئًا وَالْأَمْرُ يَوْمَئِذٍ لِّلَّهِ ۞<br>ဉာဉ်စရိုက်တစ်ခုက ဉာဉ်စရိုက်တစ်ခုအား စိုးစဉ်းမျှ အခွင့်အာဏာ မရှိသော နေ့ကာလ ဖြစ်၏။ ထိုနေ့ကာလ၌ အရေးအရာတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌သာ ရှိ၏။ |